# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

January 29, 2020 Volume 27, Number 19


၂၉.၁.၂၀၂၀

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၅၆၇/- US$ |
| မြန်မာ့ရွှေဈေး | = ၁၂၂၁၅၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၄၆၈/- ကျပ် |
| CBM Rate | = ၁၄၆၇.၃ /ကျပ် |
| ယူရို တစ်ယူရို | = ၁၆၁၄.၃ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၀၇၉.၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၁၀.၂ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၄၅.၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၉၁.၆၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၁.၅၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၀.၆၀၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၄.၄၉ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၅၉.၅၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၇.၃၅၅ ကျပ် |

Source: CBM Rate, etrademyanmar.com


CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com


### ပို့ကုန်တင်ပို့မှု မြင့်တက်ခဲ့သဖြင့် လက်ရှိဘဏ္ဍာနှစ် သုံးလခွဲကျော်တွင် ယခင်နှစ်ကာလတူထက် ကုန်သွယ်မှုပမာဏ ဒေါ်လာ ၁ ဒသမ ၇ ဘီလျံကျော် တိုးတက်ခဲ့သည့်အပြင် ကုန်သွယ်မှုလိုငွေ ဒေါ်လာသန်း ၅၉၀ ခန့် လျော့ကျ



ပို့ကုန်တင်ပို့မှု မြင့်တက်ခဲ့သဖြင့် လက်ရှိဘဏ္ဍာနှစ် သုံးလခွဲကျော်တွင် ယခင်နှစ်ကာလတူထက် ကုန်သွယ်မှု ပမာဏ ဒေါ်လာ ၁ ဒသမ ၇ ဘီလျံကျော် တိုးတက်ခဲ့သည့်အပြင် ကုန်သွယ်မှုလိုငွေ ဒေါ်လာသန်း ၅၉၀ ခန့်အထိ လျော့ကျခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ ဇန်နဝါရီ ၁၇ ရက်အထိ စုစုပေါင်း ကုန်သွယ်မှု ပမာဏ ဒေါ်လာ ၁၁ ဒသမ ၂၉၃ ဘီလျံအထိ ရရှိထားသည်။ ယခင်နှစ်ကာလတူတွင် ဒေါ်လာ ၉ ဒသမ ၅၇၇ ဘီလျံသာ ရရှိထားသည်။

ထို့ကြောင့် လက်ရှိဘဏ္ဍာနှစ် သုံးလခွဲကျော်တွင် စုစုပေါင်းကုန်သွယ်မှုသည် ယခင်နှစ်ကာလတူထက် ဒေါ်လာ ၁ ဒသမ ၇၁၅ ဘီလျံအထိ ပိုမိုရရှိခဲ့သည်။ ယင်းကဲ့သို့ ကုန်သွယ်မှုမြင့်တက်ခဲ့ခြင်းက အဆိုပါကာလအတွင်း ပို့ကုန်တင်ပို့မှု မြင့်တက်ခဲ့ခြင်းကြောင့် ဖြစ်သည်။

အဆိုပါကာလအတွင်း မြန်မာနိုင်ငံအနေဖြင့် ပြည်ပသို့ ပို့ကုန်တင်ပို့မှုသည် ဒေါ်လာ ၅ ဒသမ ၄၃၅ ဘီလျံအထိရှိပြီး ယခင်နှစ် ကာလတူထက် ဒေါ်လာ ၁ ဒသမ ၁၅၁ ဘီလျံအထိမြင့်တက်ခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ချက်အရ သိရသည်။ကုန်သွယ်မှုလိုငွေဆိုသည်မှာ မိမိနိုင်ငံက တင်ပို့သည့် ပို့ကုန်တန်ဖိုးပမာဏထက် ပြည်ပမှ တင်သွင်းသည့် သွင်းကုန်တန်ဖိုးက ပမာဏ ပိုများနေခြင်းကို ဆိုလိုသည်။လက်ရှိဘဏ္ဍာနှစ် သုံးလခွဲကျော်တွင် ပြည်ပသို့ ပို့ကုန်တင်ပို့မှု ဒေါ်လာ ၅ ဒသမ ၄၅၃ ဘီလျံရှိပြီး ပြည်ပမှ သွင်းကုန်တင်သွင်းမှု ဒေါ်လာ ၅ ဒသမ ၈၅၇ ဘီလျံရှိကြောင်း ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ထို့ကြောင့် လက်ရှိဘဏ္ဍာနှစ် သုံးလခွဲကျော်တွင် မြန်မာနိုင်ငံအနေဖြင့် ပြည်ပမှ

တင်သွင်းထားသည့် သွင်းကုန်ပမာဏသည် ပြည်ပသို့တင်ပို့ထားသည့် ပို့ကုန်ပမာဏထက် ဒေါ်လာ ၄၂ ဒသမ ၆၉ သန်းအထိ ပိုမိုတင် သွင်းထားသည်။ကုန်သွယ်မှုလိုငွေမှာလည်း ဒေါ်လာ ၄၂ ဒသမ ၆၉ သန်းအထိ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ ယခင်နှစ်ကာလတူတွင် ကုန်သွယ်မှုလိုငွေ ဒေါ်လာ တစ်ဘီလျံကျော်အထိဖြစ် ပေါ်ခဲ့သည်။ထို့ကြောင့် လက်ရှိဘဏ္ဍာနှစ် သုံးလခွဲ ကျော်တွင် ဖြစ်ပေါ်ခဲ့သော ကုန်သွယ်လိုငွေပမာဏသည် ယခင်နှစ်ကာလတူထက် ဒေါ်လာ ၅၈၈ ဒသမ ၉၆၆ သန်းအထိ လျော့ကျခဲ့ကြောင်း သိရသည်။

၂၀၁၉ -၂၀၂၀ဘဏ္ဍာနှစ်အတွက် ကုန်သွယ်မှုပမာဏ ဒေါ်လာ ၃၄ ဘီလျံရရှိရန် ခန့်မှန်းထားပြီး ပို့ကုန်ကဏ္ဍမှ ဒေါ်လာ ၁၈ ဘီလျံအထိ တင်ပို့နိုင်မည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ပြောကြားသည်။"ဒီနှစ်အတွက် သိပ်မများပါဘူး။ ကုန်သွယ်မှုက ဒေါ်လာ ၃၄ ဘီလျံလောက် မှန်းထားတယ်။ ပို့ကုန်ပိုင်းကတော့ ဒေါ်လာ ၁၈ ဘီလျံလောက်မှန်းထားတယ်" ဟု ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ပြောကြားသည်။လက်ရှိ ၂၀၁၉ -၂၀၂၀ ဘဏ္ဍာနှစ်တွင် ယခင်နှစ်နည်းတူ ကုန်သွယ်မှုလိုငွေပမာဏ ဒေါ်လာသန်း ၅၀၀ သာရှိစေရန် မျှော်မှန်းထားသော်လည်း လက်တွေ့လုပ်ကိုင်ရာ၌ အခက်အခဲများရှိနေသေးကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ပြောကြားသည်။ပြီးခဲ့သည့် ၂၀၁၈ -၂၀၁၉ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုလိုငွေပမာဏ ဒေါ်လာသန်း ၅၀၀ အထိ လျှော့ချရန်မျှော်မှန်းခဲ့သည်။ သို့သော် ဘဏ္ဍာနှစ်ကုန်ဆုံးချိန်၌ ကုန်သွယ်မှုလိုငွေ ဒေါ်လာ ၁ ဒသမ ၁၅ ဘီလျံကျော် ဖြစ်ပေါ်ခဲ့သည်။

၂၀၁၈ ဘဏ္ဍာနှစ်ကြားကာလ ခြောက်လတွင် စုစုပေါင်းကုန်သွယ်မှု ဒေါ်လာ ၁၈ ဘီလျံကျော်ရရှိခဲ့ပြီး ကုန်သွယ်မှုလိုငွေမှာ ဒေါ်လာတစ်ဘီလျံကျော်ဖြစ်ပေါ်ခဲ့သည်။၂၀၁၇ -၂၀၁၈ ဘဏ္ဍာနှစ်တွင် စုစုပေါင်းကုန်သွယ်မှု ဒေါ်လာ ၃၃ ဘီလျံကျော်ရှိပြီး ကုန်သွယ်မှုလိုငွေမှာဒေါ်လာ ၃ ဒသမ ၈ ဘီလျံကျော်ဖြစ်ပေါ်ခဲ့သည်။၂၀၁၆ -၂၀၁၇ ဘဏ္ဍာနှစ်တွင် စုစုပေါင်း ကုန်သွယ်မှု ဒေါ်လာ ၂၉ ဘီလျံကျော် ရရှိခဲ့ပြီး ကုန်သွယ်မှုလိုငွေမှာ ဒေါ်လာငါးဘီလျံကျော်အထိ ဖြစ်ပေါ်ခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

**Source:** https://news-eleven.com/article/156693

## ပြောင်းစေ့ရောင်းရန် အာရှနိုင်ငံများတွင် ဈေးကွက်အသစ်ရှာမည်

**ပြောင်းစေ့များ တင်ပို့ရောင်းချရန် အာရှနိုင်ငံများဖြစ်သည့် အိန္ဒိယ၊ ဗီယက်နမ်၊ ဖိလစ်ပိုင်နိုင်ငံတို့တွင် ဈေးကွက်အသစ် ရှာဖွေသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ပြောင်းဖူး အသင်းဥက္ကဋ္ဌ ဦးမင်းခိုင်က ပြောသည်။**




မတ်လနှင့် ဧပြီလအတွင်း ဗီယက်နမ်နိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံများသို့ သွားရောက်ကာ ပြောင်းဖူးစေ့ တင်ပို့ရောင်းချ နိုင်ရန် ဈေးကွက်အသစ်ရှာဖွေ သွားမည်ဖြစ်ပြီး ပြောင်းဖူးစေ့ လိုအပ်ချက်ရှိနေသည့် အိန္ဒိယနိုင်ငံသို့လည်း သွားရန်ပြင်ဆင်နေကြောင်း ၎င်းက ဆိုသည်။

"အာရှနိုင်ငံတွေမှာ ဈေးကွက်အသစ်ရှာဖွေဖို့နဲ့ တင်ပို့လက်စရှိတဲ့ နိုင်ငံတွေကို ပိုမို တင်ပို့နိုင်အောင် ဆောင်ရွက်သွားမှာပါ"ဟု ဦးမင်းခိုင်က ပြောသည်။

ပြောင်းဖူးများ ထွက်ရှိသည့် ဇွန်လတွင် တင်ပို့ရောင်းချနိုင်ရန် တရုတ်နိုင်ငံသို့သွားရောက်ကာ ကုန်သည်များနှင့်တွေ့ဆုံဆွေးနွေးရန်လည်း စီစဉ်နေသည်ဟု၎င်းကဆိုသည်။

လက်ရှိတွင် ထိုင်းနိုင်ငံသို့ ပြောင်းစေ့တန်ချိန် တစ်သန်း တရားဝင်တင်သွင်းနိုင်ရေး ဆွေးနွေးမှုများပြုလုပ်နေပြီး ဖေဖော်ဝါရီလ ပထမပတ်အတွင်း ထိုင်းနိုင်ငံသို့သွားရောက်ဆွေးနွေးမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

ထိုင်းနိုင်ငံသို့ ပြောင်းဖူးစေ့ တင်ပို့ရောင်းချနိုင်ရန် အချက်အားလုံးကို ဆွေးနွေးပြီးဖြစ် သော်လည်း ထိုင်းကုမ္ပဏီက ထိုင်းနိုင်ငံ အစိုးရထံမှ ခွင့်ပြုချက်အချို့ တောင်းခံနေသဖြင့် အချိန်ကြန့်ကြာနေခြင်းဖြစ်ကြောင်း ဦးမင်းခိုင်က ဆိုသည်။ မြန်မာနိုင်ငံမှ ပြောင်းဖူးစေ့ကို ထိုင်းနိုင်ငံ Public Ware House Organizationက တစ်နှစ်ပတ်လုံး အခွန်မဲ့ တင်သွင်းနိုင်ရန် ထိုင်းနိုင်ငံ အစိုးရထံ ခွင့်ပြုချက်တောင်းခံနေခြင်းဖြစ်သည်။

ထိုင်းနိုင်ငံ အစိုးရက စက်တင်ဘာလမှ အောက်တိုဘာလအထိသာ ပြည်တွင်းသို့ ပြောင်းဖူးစေ့ တင်သွင်းခွင့်ပြုပြီး ကျန်လများတွင် တင်သွင်းပါက အခွန် ၇၃ ရာခိုင်နှုန်း ကောက်ခံလျက်ရှိသည်။ တင်သွင်းမည့် ပြောင်းဖူးစေ့ ဈေးနှုန်းကို အတိအကျ သတ်မှတ်ထားခြင်းမရှိဘဲ တင်သွင်းမည့် အချိန်တွင်ဖြစ်ပေါ်နေသည့် ကာလပေါက်ဈေးအတိုင်း သွင်းသွားမည် ဖြစ်ကြောင်း ၎င်းကဆိုသည်။ မြန်မာနိုင်ငံမှ တင်သွင်းသည့် ပြောင်းစေ့များကို ထိုင်းနိုင်ငံတွင် တိရစ္ဆာန်အစာနှင့် စက်မှုလုပ်ငန်းသုံး ကုန်ကြမ်းများအဖြစ် အသုံးပြုမည်ဖြစ်သည်။

လက်ရှိတွင် ထိုင်းနိုင်ငံသည် မြန်မာနိုင်ငံက ပြောင်းစေ့တင်သွင်းမှုကို တစ်နှစ်လျှင် ခုနစ်လခွင့်ပြုပြီး ကျန်ငါးလတွင် ပြောင်းတင်သွင်းခွင့် ပိတ်ပင်ထားကြောင်း၊ တစ်နှစ်လျှင် တင်သွင်းရမည့် ပြောင်းစေ့တန်ချိန်မှာ တန် ၃၄၀၀၀ နှင့် တန်ဖိုး ထိုင်းဘတ်ငွေ ၂၅ သန်း အထိသာ သတ်မှတ်ထားကြောင်း ပုစွန်အစာ ထုတ်လုပ်ရောင်းဝယ်သူများအသင်းဥက္ကဋ္ဌ ဒေါက်တာသက်မင်းက ပြောသည်။

မြန်မာနိုင်ငံမှ ပြောင်းစေ့များကို တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချမှုရှိသော်လည်း တရားဝင်မဟုတ်ဘဲ တင်ပို့ရောင်းချနေကြရခြင်းဖြစ်ကြောင်း ပြောင်းကုန်သည်များက ဆိုသည်။ လက်ရှိ ရန်ကုန်ဈေးကွက်တွင် ပြောင်းဖူးစေ့ ဈေးနှုန်းမှာ တစ်ပိဿာလျှင် ကျပ် ၄၈၀ မှ ၄၉၅ ကျပ်အတွင်း ပေါက်ဈေးရှိ နေသည်။

Source: https://myanmar.mmtimes.com/news/134509.html

## လေးလအတွင်း သီလဝါအထူးစီးပွားရေးဇုန်၌ ဒေါ်လာ ၇၆ သန်းကျော်အပါအဝင် မြန်မာနိုင်ငံသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဒေါ်လာ ၂ ဒသမ ၁၅၆ ဘီလျံကျော်မြှုပ်နှံနိုင်ရန် MIC ခွင့်ပြု

၂၀၁၉ -၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ ဇန်နဝါရီ ၂၄ ရက်အထိ လေးလအတွင်း အထူးစီးပွားရေးဇုန် ဥပဒေအရ သီလဝါအထူးစီးပွားရေးဇုန်၌ ရင်းနှီးမြှုပ်နှံရန် ဒေါ်လာ ၇၆ သန်းကျော် ခွင့်ပြုပေးခဲ့မှုအပါအဝင် မြန်မာနိုင်ငံအတွင်းသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဒေါ်လာ ၂ ဒသမ ၁၅၆ ဘီလျံကျော်အထိ ဝင်ရောက်မြှုပ်နှံရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် MIC က ခွင့်ပြုပေးလိုက်သည်။



မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ အစည်းအဝေး အမှတ်စဉ် (၂/၂၀၂၀) ကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၂၄ ရက်က ရန်ကုန်မြို့ သစ္စာလမ်းရှိ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၌ ကျင်းပခဲ့ပြီး သတင်းစာရှင်းလင်းပွဲကို ဇန်နဝါရီ ၂၇ ရက်က ကျင်းပခဲ့သည်။ အဆိုပါ အစည်းအဝေး ကာလအတွင်း စုစုပေါင်း လုပ်ငန်း ၂၃ ခုမှ ရင်းနှီးမြှုပ်နှံမှု ပမာဏ ဒေါ်လာ ၄၃၃ ဒသမ ၈၀၃ သန်းကို ခွင့်ပြု အတည်ပြု ပေးခဲ့သည်။ အဆိုပါ လုပ်ငန်းများမှ ပြည်တွင်း လုပ်သားများအတွက် အလုပ်အကိုင် အခွင့် အလမ်းပေါင်း ၁၁၉၅၁ ဦးကို ဖန်တီး ပေးမည်ဖြစ်သည်။ ခွင့်ပြုအတည်ပြု လုပ်ငန်း ၂၃ ခုမှာ လျှပ်စစ်ကဏ္ဍမှ နှစ်ခု၊ အိမ်ရာ အဆောက်အဦကဏ္ဍမှ တစ်ခု၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍမှ တစ်ခုနှင့်စက်မှုကဏ္ဍမှ ၁၉ ခုဖြစ်သည်။

လက်ရှိအောက်တိုဘာ ၁ ရက်မှ ဇန်နဝါရီ ၂၄ ရက်အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ခွင့်ပြုအတည်ပြုပေးခဲ့မှုမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၀၀ ခု၊ ရင်းနှီးမြှုပ်နှံမှုပမာဏဒေါ်လာ ၁၈၃၁ ဒသမ ၁၈၃ သန်းဖြစ်သည်။ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်း

အပါအဝင် ရင်းနှီးမြှုပ်နှံမှုပမာဏမှာ ဒေါ်လာ ၂၀၈၀ ဒသမ ၀၆၅ သန်းဖြစ်သည်။

အထူးစီးပွားရေးဇုန်ဥပဒေအရ ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ် လေးလအတွင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း အပါအဝင် စုစုပေါင်း ခွင့်ပြုပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၇၆ ဒသမ ၁၄၀ သန်းဖြစ်သည်။ ၂၀၁၉ –၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ ဇန်နဝါရီ ၂၄ ရက်အထိ စုစုပေါင်းနိုင်ငံခြားရင်းနှီး မြှုပ်နှံမှုပမာဏဒေါ်လာ ၂ ဒသမ ၁၅၆ ဘီလျံ (ဒေါ်လာ၂၁၅၆ ဒသမ၂၀၅ သန်း) ဖြစ်သည်။

၂၀၁၉ –၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ ဒီဇင်ဘာလကုန်အထိ သုံးလအတွင်း မြန်မာနိုင်ငံတွင် နိုင်ငံပေါင်း ၁၆ နိုင်ငံက ဒေါ်လာ ၁ ဒသမ ၁၆၄ ဘီလျံကျော် လာရောက်ရင်းနှီးမြှုပ်နှံထားကြပြီး ဟောင်ကောင်က ဒေါ်လာ ၈၂၄ သန်းကျော်ဖြင့် နိုင်ငံအလိုက် ရင်းနှီးမြှုပ်နှံမှုစာရင်း၌ ထိပ်ဆုံးမှ ရပ်တည်နေကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။ ယခင်က နိုင်ငံအလိုက် ရင်းနှီးမြှုပ်နှံမှု စာရင်း၌ ထိပ်ဆုံးမှရပ်တည်ခဲ့သည့် စင်ကာပူက သုံးလအတွင်း ဒေါ်လာ ၁၆၆ ဒသမ ၈၁၈ သန်းဖြင့် ဒုတိယနေရာတွင်သာ ရပ်တည်နေသည်။ သုံးလအတွင်း တရုတ်နိုင်ငံက ဒေါ်လာ ၆၃ ဒသမ ၂၂၂ သန်း၊ ထိုင်းနိုင်ငံက ဒေါ်လာ ၁၄ ဒသမ ၄၈၃ သန်း၊ ဘရူနိုင်းနိုင်ငံက ဒေါ်လာ ၁၂ ဒသမ ၆၃၉ သန်း၊ ပြင်သစ်နိုင်ငံက ဒေါ်လာ ၈၁၄ သိန်း၊ ဂျာမနီနိုင်ငံက ဒေါ်လာ ၁ ဒသမ ၅၄ သန်း စသည်ဖြင့် မြှုပ်နှံထားကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီ များညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

Source: https://news-eleven.com/article/156696

## မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန် စဖွင့်သည့်ရက် ကုန်သည်များ ရာနှုန်းပြည့်အရှုံးပေါ်



မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်တွင် ဖရဲ၊ သခွား အရောင်းအဝယ်ဈေးကွက် စဖွင့် သည့်ရက် ဇန်နဝါရီ ၂၇ ရက်၌ တရုတ်ဘက်မှ အဝယ်ရပ်ဆိုင်းမှုကြောင့် ကုန်သည်များ ရာနှုန်းပြည့် အရှုံးပေါ်လျက်ရှိကြောင်း မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန် သစ်သီးဝလံကုန်စည်ဒိုင်အသင်းမှ သိရသည်။"အခုထွက်တဲ့သူတွေ ၁၀၀ ရာခိုင်နှုန်းဆုံးရှုံးနိုင်တယ်၊ မရတော့ဘူး။ ၁၀၀ ရာခိုင်နှုန်း ဆိုတာက လည်း ပြောလို့တော့ မရဘူးပေါ့။ ပြည်တွင်းမှာ ဝယ်ရောင်း ဖြစ်ရင်ဖြစ်မယ်။ ဒါပေမဲ့ ရက်အကန့်အသတ် ပေါ်မှာ အများကြီး မူတည်တယ်။ ရက်ရှည်သွားရင် များသွားမယ်။ အမြတ်ရာခိုင်နှုန်းကတော့ သိပ်ပြောလို့မရဘူး။ အရောင်းအဝယ်က မနက်ဖြန်ကစပြီး ပိုဆိုးသွားမယ်"ဟု သစ်သီးဝလံကုန်စည်ဒိုင် ဒုဥက္ကဋ္ဌ ဦးစိုင်းခင်မောင်က ပြောသည်။

မူဆယ်နယ်စပ်ကုန်သွယ်ရေးဇုန်တွင် ဖရဲ၊ သခွား ကားအစီးပေါင်း ၂၅၀ ခန့်ရှိကာ တရုတ်ဝယ်လက် ၁၀၃ ဦး လာရောက်ခဲ့သော်လည်း ဝယ်လက်မရှိသလောက်ဖြစ်နေကြောင်း ၎င်းက ပြောသည်။ "တရုတ်တွေက မဝယ်တော့ဘူး။ ရောဂါ မထိန်းချုပ်နိုင်တဲ့အထိ အရောင်းအဝယ်က ပြတ်နေဦးမှာပဲ။ တရုတ်မြို့ကြီးတွေမှာ လူတွေက အပြင်မထွက်တော့ဘူး။ တခြားသွား လာတဲ့နေရာတွေက ပိတ်လိုက်တဲ့အခါ လူတွေက အပြင်မထွက်ကြတော့ အရောင်းအဝယ် ပြတ်ကုန်တယ်။ သူတို့က မရောင်းရတော့ မဝယ်တော့ဘူး။ ကားတွေကတော့ ရှိနေသေးတယ်။ ဆုံးရှုံးမှုတွေကများတယ်"ဟု သစ်သီးဝလံ ကုန်စည်ဒိုင် အသင်းမှ တာဝန်ရှိသူတစ်ဦးက မြန်မာတိုင်းမ်နေ့စဉ်သို့ ပြောသည်။

ဝူဟန်ဒေသမှအစပြုသော ကိုရိုနာဗိုင်းရပ်စ် ဝူဟန်ကူးစက်ရောဂါကြောင့် တရုတ်နိုင်ငံအတွင်း အရေးပေါ် အခြေအနေဖြင့် လူစုလူဝေး၊ ပျော်ပွဲရွှင်ပွဲ၊ ခရီးသွားလာမှုလမ်း ကြောင်းများကို တရုတ်နိုင်ငံအစိုးရက ကန့် သတ်ထားခြင်းဖြစ်သည်။

**Source:** https://myanmar.mmtimes.com/news/134499.html

## မျိုးစေ့တင်သွင်းမှု ၁၀ နှစ်အတွင်း ၄၅ ဆ အထိ မြင့်တက်



**ပြည်တွင်းသို့ မျိုးစေ့တင်သွင်းမှု နှစ်စဉ်မြင့်တက်လျက်ရှိပြီး ၁၀ နှစ်အတွင်း တန်ဖိုးငွေပမာဏ ၄၅ ဆအထိ မြင့်တက်ခဲ့ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပြောသည်။**

"၂၀၀၉ ခုနှစ်အတွင်းမှာ မျိုးစေ့တင်သွင်းမှုပမာဏဟာ အမေရိကန်ဒေါ်လာ တစ်သန်းကျော်သာ ရှိခဲ့ရာကနေပြီး ယခု ၂၀၁၉ ခုနှစ်မှာ ၄၅ သန်းအထိ တိုးတက်လာတာကို တွေ့ရှိရပါတယ်"ဟု ၎င်းက ပြောသည်။ နေပြည်တော်တွင် ဇန်နဝါရီ ၂၈ ရက်က ကျင်းပခဲ့သော ၂၀၂၀ မျိုးစေ့ပြပွဲ၊ ဖွင့်ပွဲတွင် ထိုသို့ ပြောခဲ့ခြင်းဖြစ်သည်။

အဓိကအားဖြင့် အစေ့ထုတ်ပြောင်းမျိုးစေ့နှင့် ဟင်းသီးဟင်းရွက်မျိုးစေ့များကို အများဆုံးတင်သွင်းနေသည်ဟု အဆိုပါဝန်ကြီးဌာနအောက်ရှိ စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုက ပြောသည်။ "အများဆုံး တင်သွင်းနေရတာကတော့ အစေ့ထုတ်ပြောင်းနဲ့ ဟင်းသီး ဟင်းရွက် မျိုးစေ့တွေ ဖြစ်ပါတယ်"ဟု ၎င်းက မြန်မာတိုင်း(မ်)သို့ ပြောသည်။ အခြားသော သီးနှံမျိုးစေ့များကိုမူ ပြည်တွင်းတွင်လည်း များစွာ ထုတ်လုပ်လျက် ရှိသဖြင့် ပြည်ပမှ တင်သွင်းမှုအနည်းငယ်သာရှိမည်ဟု ဆိုသည်။

အခြားနိုင်ငံများတွင်လည်း မျိုးစေ့လိုအပ်ချက် ကြီးမားနေဆဲဖြစ်ရာ မျိုးစေ့တင်ပို့သည့်နိုင်ငံအဖြစ် ရောက်ရှိရေး ကြိုးပမ်းသွားကြရန်လည်း ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက တိုက်တွန်းပြောကြားသွားသည်။ "မျိုးစေ့ကို နိုင်ငံခြားမှ တင်သွင်းဖြန့်ဖြူးခြင်းထက် ပြည်တွင်းမျိုးစေ့ထုတ် လုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ပြီး ပြည်တွင်းလုံလောက်မှုရှိရုံသာမက နိုင်ငံခြားသို့ တင်ပို့ရောင်းချနိုင်ရေး ကြိုးပမ်းသွားကြဖို့ကိုလည်း တိုက်တွန်း ပြောကြားလိုပါတယ်"ဟု ၎င်းကပြောသည်။

လက်ရှိတွင်လည်း မျိုးစေ့ကဏ္ဍ ဖွံ့ဖြိုးရေးကို အားပေးသည့်အနေဖြင့် နိုင်ငံသားကုမ္ပဏီများကိုသာမက နိုင်ငံခြားသား ကုမ္ပဏီများကိုပါ ရာနှုန်းပြည့် ရင်းနှီးမြှုပ်နှံဆောင်ရွက်ခွင့်ပြုထားသည်။ အာဆီယံဒေသတွင်း နိုင်ငံများ၏ မျိုးစေ့ ကုန်သွယ်မှုတွင်လည်း မျိုးစေ့တင် သွင်းမှုသည် တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်လျက်ရှိသည်။ အိမ်နီးချင်း ထိုင်းနိုင်ငံ၏ မျိုးစေ့ကုန်သွယ်မှုမှရရှိသော ဝင်ငွေသည် ကန် ၈၆ ဒသမ ၃ သန်း ရှိပြီး၊ အင်ဒိုနီးရှားနိုင်ငံသည် ကန် ၅ ဒသမ ၄ သန်းနှင့် ဖိလစ်ပိုင်နိုင်ငံသည် ကန် ၄ ဒသမ ၈ သန်း ဝင်ငွေရရှိနေခြင်းဖြစ်သည်။ စိုက်ပျိုးရေးကို အခြေခံ သော မြန်မာနိုင်ငံအနေဖြင့်မူ မျိုးစေ့တင်သွင်းနေရသော နိုင်ငံဖြစ်နေဆဲ ဖြစ်သည်။

ထို့ကြောင့်လည်း မျိုးစေ့ကဏ္ဍ ဖွံ့ဖြိုးလာစေရန် ယခုအစိုးရလက်ထက် ၂၀၁၈ ခုနှစ်မှစတင်ပြီး မျိုးစေ့ပြပွဲများ ကျင်းပလာရာ ယခုနှစ်တွင် သုံးနှစ် မြောက် ရှိပြီဖြစ်သည်။ နေပြည်တော်တွင် ပြည်ထောင်စုအဆင့်အနေဖြင့် ကျင်းပခြင်းဖြစ်သကဲ့သို့ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင်လည်း ဆက်လက် ကျင်းပသွားမည်ဖြစ်သည်။

သို့သော်လည်း မျိုးစေ့ထုတ်လုပ်သည့်လုပ်ငန်းသည် နှစ်အတန်ကြာ စောင့်ရသော လုပ်ငန်းဖြစ်သောကြောင့် ပုဂ္ဂလိကမှ ဝင်ရောက်လုပ်ကိုင်ရန် စိတ်ဝင်စားမှုနည်းနေကြောင်း အမည်မဖော်လိုသော တာဝန်ရှိသူတစ်ဦးက ပြောသည်။ "ပုဂ္ဂလိကဆိုတာကတော့ အကျိုးအမြတ် မြန်မြန်ရတဲ့ နေရာမျိုးမှာပဲ စိတ်ဝင်စားတော့ ဒီကဏ္ဍကို စိတ်ဝင်စားမှု နည်းတယ်လို့ပဲ မြင်တယ်။ ဒါပေမဲ့ နှစ်ရှည်ချေးငွေလိုဟာမျိုး အခွင့်အရေးတွေ ပေးနိုင်ရင်တော့လည်း တစ်မျိုးပေါ့" ဟု ၎င်းက ပြောသည်။

Source: https://myanmar.mmtimes.com/news/134508.html

## ကိုရိုနာဗိုင်းရပ်စ် မြန်မာ့ခရီးသွားကို ရိုက်ခတ်ပြီ

**ပြီးခဲ့သည့်တစ်နှစ်လုံးကိုကြည့်လျှင် မြန်မာနိုင်ငံသို့ ခရီးသွားဗီဇာဖြင့် ဝင်ရောက် ခဲ့သည့် ခရီးသည် နှစ်သန်းနီးပါးထဲတွင် တရုတ်ခရီးသည်များက ခုနစ်သိန်းခွဲ နီးပါးအထိ ရှိခဲ့သည်။ ထိုပမာဏသည် ယခင်နှစ်ထက် လေးသိန်းခွဲ ပိုမိုခဲ့သည်။ ယင်းအခြေအနေက မြန်မာနိုင်ငံသို့ ဝင်ရောက်သည့် ခရီးသွားများထဲတွင် တရုတ်ခရီးသွားများက အများဆုံးဖြစ်နေသည်ကို ညွှန်ပြလျက်ရှိသည်။**

ထိုသို့ တရုတ်နိုင်ငံမှ ခရီးသည်များကို အားပြု၍ အရှိန်ယူနေသည့် မြန်မာ့ခရီးသွားလုပ်ငန်းအပေါ် ဇန်နဝါရီလ ပထမပတ်အတွင်းက တရုတ်နိုင်ငံ ဝူဟန်မြို့တွင် စတင်ခဲ့သည့် ကိုရိုနာဗိုင်းရပ်စ်က ရိုက်ခတ်စေခဲ့ပြီဖြစ်သည်။ အကျိုးဆက်အဖြစ် ယခုသီတင်းပတ်အတွင်း လာရောက်မည့် ခရီးစဉ်များ၏ အနည်းဆုံး ၂၀ ရာခိုင်နှုန်းကျော်သည် ပယ်ဖျက်မှုများရှိသည်ဟု ခရီးသွားလုပ်ငန်းရှင်များက ပြောသည်။ "အထူးသဖြင့် ဘွတ်ကင်လုပ်ထားတဲ့ဟာတွေက တော်တော်များများ ပျက်ကြ တယ်။ အထူးသဖြင့် အုပ်စုလိုက်ခရီးစဉ်တွေများတယ်။ ခရီးသွားတွေအနေနဲ့ ကြောက်ပြီး မလာတော့တာတွေ ရှိတယ်။ ခရီးသွားလုပ်ငန်းပဲ အထိခိုက်ဆုံး ခံရမှာပဲ"ဟု ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ အကြံပေး ဦးခင်ဇော်က မှတ်ချက်ပြုသည်။

မြန်မာ့ခရီးသွားလုပ်ငန်း၏ အရှေ့မျှော်မူဝါဒကြောင့် တရုတ်လေကြောင်းလိုင်းများ မြန်မာနိုင်ငံသို့ တိုးချဲ့ဝင်ရောက်မှုများ ပြီးခဲ့သည့်နှစ်များအတွင်း ရှိခဲ့သည်။ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံရှိ မြို့ပေါင်း ၂၅ ခု ကျော်ကို ပြေးဆွဲသည့် လေကြောင်းလိုင်း ၁၃ ခု ခန့်ရှိပြီး ယင်းတို့အနက် ဝူဟန်မြို့အပါအဝင် ခရီးစဉ် ၁၀ ခုနီးပါးကို ပြေးဆွဲမှုရပ်ဆိုင်းခြင်းများကိုလည်း ယခုရက်ပိုင်းအတွင်း လေကြောင်းလိုင်းများက ထုတ်ပြန်ထားသည်။

တရုတ်နိုင်ငံမှ ပြေးဆွဲနေသည့် လေကြောင်းလိုင်းများသည် တစ်စီးလျှင် အနည်းဆုံး လူ ၁၀၀ ကျော် ဝင်ဆံ့သည့် လေယာဉ်အမျိုးအစားများကို အဓိက အသုံးပြုရသဖြင့် လက်ရှိပိတ်သိမ်းသည့် တရုတ်ခရီးစဉ်များအရ တစ်ရက်လျှင် တရုတ်ခရီးသည် ဝင်ရောက်သူဦးရေ ၁၄၀၀၀ ကျော်ခန့် နေ့စဉ် နည်းပါးနိုင်မည် ဖြစ်သည်။

တရုတ်နိုင်ငံမှ အဓိကဝင်ရောက်သည့် လေကြောင်းခရီးစဉ် ထက်ဝက်နီးပါး ရပ်ဆိုင်းမှုက မြန်မာနိုင်ငံသို့ ဝင်ရောက်လာမည့် တရုတ်ခရီးသည် အရေအတွက်နှင့် တိုက်ရိုက်သက်ဆိုင်ခြင်းကြောင့် ဧည့်သည်ဝင်ရောက်မှု အရေအတွက် လျော့နည်းမည် ဖြစ်ကြောင်း ခရီးသွားလုပ်ငန်းရှင်များက မှတ်ချက်ပြုသည်။ "လက်ရှိစာရင်းအရတော့ လာမယ့်မတ်လအထိ ဝင်ရောက်ဖို့ တရုတ်ဧည့်သည် နှစ်သိန်းကျော်လောက်ရှိတယ်။ အခုလေကြောင်းလိုင်းက တစ်ဝက်လောက် လျော့နည်းတာဆိုတော့ တစ်ဝက်ကျသွားနိုင်တယ်။ ဒါက တစ်ကမ္ဘာလုံးနဲ့ ဖြစ်လာတာဆိုရင်တော့ ရင်ဆိုင်ရမယ်။ အဓိကကတော့ ကိုယ့်နိုင်ငံက ဒီလိုရောဂါကို မဖြစ်ဖို့လိုတယ်။ ဖြစ်လာရင် ကိုယ့်နိုင်ငံကိုလာတဲ့ တခြားနိုင်ငံကဧည့်သည်တွေပါ ထပ်ကျနိုင်တယ်"ဟု မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဒုဥက္ကဋ္ဌ ဦးခင်အောင်ထွန်းက ပြောသည်။

မြန်မာ့ခရီးသွား၏ အရှေ့မျှော်မူဝါဒနှင့်အတူ ဇီးရိုးဘတ်ဂျက်ဟု တင်စားခေါ်ဝေါ်သည့် တန်ဖိုးနည်း ခရီးသွားများ အဓိက ဝင်ရောက်မှုကြောင့် ကြယ်သုံးပွင့်အဆင့်ရှိ ဟိုတယ်ငယ်များနှင့် ခရီးသွားလုပ်ငန်းငယ်များအတွက် ဧည့်သည်ရခဲ့ကြသည်။ သို့သော်လည်း လက်ရှိ ကိုရိုနာဗိုင်းရပ်စ်အကျိုးဆက် ဧည့်သည်နည်းပါးမည့်အချက်က ခရီးသွားလုပ်ငန်းများနှင့် ဟိုတယ်လုပ်ငန်းရှင်များအကြား လုပ်ငန်းရပ်တည်လည်ပတ်ရန် ခက်ခဲလာနိုင်စေမည်ဟုလည်း ထောက်ပြကြသည်။

မြန်မာနိုင်ငံ၏ ဦးဆောင်ဟိုတယ်လုပ်ငန်းစု တစ်ခုဖြစ်သည့် ဒေဝလုပ်ငန်းစုကမူ ယင်းတို့၏လုပ်ငန်းစုအတွင်း ယခုရက်ပိုင်း အတွင်း လာရောက်မည့် ခရီးသည်များ၏ခရီးစဉ် ပယ်ဖျက်မှုသည် ၂၅ ရာခိုင်နှုန်းခန့်ထိ ရှိနေကြောင်း အလုပ်အမှုဆောင် ဒါရိုက်တာတစ်ဦးဖြစ်သည့် ဦးသန်းထွဋ်က မြန်မာတိုင်း(မ်)သို့ ပြောသည်။ "ခရီးစဉ်ပယ်ဖျက်တာတွေကတော့ ကျွန်တော်တို့ ဟိုတယ်တွေကိုယ်တိုင်ပဲ လက်ခံရတယ်။ အဓိကတော့ တရုတ်ခရီးစဉ်တွေရှိတယ်။ တရုတ်ခရီးသွားကိုပဲ မှီခိုအားထားနေရတဲ့ ဟိုတယ်တွေအနေနဲ့ကတော့ တော်တော်လေးကို ထိနိုင်မယ်"ဟု မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်း၏ ဒုဥက္ကဋ္ဌ တစ်ဦးလည်းဖြစ်သည့် ဦးသန်းထွဋ်က မှတ်ချက်ပြုသည်။

Source: myanmar.mmtimes.com,https://myanmar.mmtimes.com/news/134506.html

## Coronavirus ကြောင့် ထိုင်းစီးပွားရေး ထိခိုက်ဖွယ်ရှိ

Coronavirus ကူးစက်ခံထားရသူ ၁၄ ဦးရှိနေတဲ့ထိုင်းနိုင်ငံမှာ တရုတ်နိုင်ငံက ဝင်လာတဲ့ခရီးသည်အားလုံးကို ရောဂါလက္ခဏာရှိမရှိ စစ်ဆေးမယ်လို့ ထိုင်း ကျန်းမာရေးတာဝန်ရှိသူတွေက အင်္ဂါနေ့မှာကြေညာပါတယ်။

ထိုင်းက လူနာတွေထဲမှာ တရုတ်နိုင်ငံက ဝင်လာတဲ့လူ ၆ ဦးပါဝင်ပါတယ်။ တရုတ်နိုင်ငံမှာ Coronavirus ကူးစက်ပြန့်နှံ့နေတာကြောင့် ဒီနှစ်အတွင်း ထိုင်းနိုင်ငံကိုဝင်လာမယ့် တရုတ် ခရီးသည် ၉ သန်းကနေ ၂ သန်းလောက်ထိ ကျသွားနိုင်တယ်လို့ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း တာဝန်ရှိသူတွေက ခန့်မှန်းပြောဆိုထားပါတယ်။

တရုတ်နိုင်ငံကို မလိုအပ်ပဲ ခရီးမသွားကြဖို့ ထိုင်းကျန်းမာရေးဝန်ကြီးဌာနက အမြဲတမ်းအတွင်းဝန် Sukhum Kanchanapimai ကသတင်းစာရှင်းလင်းပွဲမှာ တိုက်တွန်းပြောဆိုသွားပါတယ်။ ရောဂါကူးစက်ခံထားရလို့ သေဆုံးခဲ့တဲ့ ၁၀၆ ဦးစလုံးကတော့ တရုတ်နိုင်ငံကဖြစ်ပြီး တခြားနိုင်ငံတွေမှာ တော့ဒီရောဂါကြောင့် သေဆုံးသူမရှိပါဘူး။ ရောဂါကူးစက်ခံထားရသူတွေကတော့ တရုတ်နိုင်ငံပြီးရင် ထိုင်းမှာအများဆုံးဖြစ်ပါတယ်။ ထိုင်းမှာ ထပ်ပြီးကူးစက်ခံထားရတဲ့လူနာ ၅ ဦးကတော့ အသက် ၆ နှစ်ကနေ ၇၀ ဦးဖြစ်ပြီး ဟူဘေးပြည်နယ်ကပြန်လာကြတဲ့ မိသားစုကဖြစ်တယ်လို့ ထိုင်းကျန်းမာရေးတာဝန်ရှိသူ Tanarak Plipat ကသတင်းထောက်တွေကို ပြောပါတယ်။

အစောပိုင်းတုန်းကတော့ Wuhan မြို့က ပြန်ရောက်လာတဲ့ ခရီးသည်တွေကိုပဲ ထိုင်းလေဆိပ်တွေမှာ စစ်ဆေးတာဖြစ်ပေမယ့် ခုတော့ တရုတ်နိုင်ငံက ဝင်လာသမျှ ခရီးသည်အားလုံးကိုရောဂါလက္ခဏာ စစ်ဆေးမယ်လို့ ထိုင်းတာဝန်ရှိသူတွေက ပြောပါတယ်။

Source: voanews, https://www.facebook.com/VoA.Burmese.News/

## မြန်မာ-တရုတ်နယ်စပ်မြို့ မူဆယ်တွင် သစ်သီးကုန်ကားများ သောင်တင်နေ

တရုတ်နှစ်သစ်ကူးအပြီး မူဆယ်တွင် ကုန်သွယ်မှု ပြန်လည်စည်ကားလာရမည် ဖြစ်သော်လည်း ကိုရိုနာဗိုင်းရပ်ပြဿနာကြောင့် တရုတ်ကုန်သည်များ မလာရောက်နိုင်ကြပေ။

ကိုရိုနာဗိုင်းရပ်စ် အဆုတ်ရောင်ရောဂါ ကူးစက်ပြန့်ပွားမှုနှုန်း ပိုမိုပြင်းထန်လာသဖြင့် တရုတ်-မြန်မာနယ်စပ်၊ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးနယ်မြေတွင် သစ်သီးဝလံများ လာရောက်ဝယ်ယူသော တရုတ်ကုန်သည်များ မရှိသည့်အတွက် သစ်သီးကုန်ကား ၃၀၀ ခန့် သောင်တင်နေသည်ဟု မူဆယ်ကုန်သည်များအသင်းနှင့် ကုန်ကားမောင်းသူများက ပြောသည်။

နှစ်သစ်ကူးကြောင့် ဇန်နဝါရီလ ၂၂ ရက်မှစကာ မူဆယ်ကုန်သွယ်မှုကို ခေတ္တရပ်ဆိုင်းထားခဲ့ပြီး ယနေ့ (ဇန်နဝါရီလ ၂၇ ရက်) တွင် ပြန်လည်ဖွင့်လှစ်ခဲ့သည်။ သို့သော် ကိုရိုနာဗိုင်းရပ် ကမ္ဘာ့နိုင်ငံအနှံ့သို့ ကူးစက်ပြန့်ပွားမှုကြောင့် မူဆယ်တစ်ဖက်ခြမ်း ရွှေလီမြို့တွင် တရုတ်အစိုးရက ပျော်ပွဲရွှင်ပွဲများ၊ လူစုလူဝေးများနှင့် ခရီးသွားလာမှုများကို ကန့်သတ်လိုက်သည့်အတွက် သစ်သီးဝယ်ယူသူ နည်းပါးသွားခြင်း ဖြစ်သည်။ ပုံမှန်ဆိုရင်က တရုတ်နှစ်သစ်ကူး ပြီးရင် အရောင်းအဝယ် ပြန်စနေကျလေ။ ဒီနှစ်ကျတော့ ဒီကနေ့ အရောင်းအဝယ်ပြန်စတာ တရုတ်ပြည်ဘက်က ဝယ်လက်တွေက မလာတဲ့အခါကျတော့ ကားပေါ်မှာ ဒီအတိုင်းပဲ" ဟုမူဆယ်- မန္တလေး ကုန်ကားမောင်းနေသူ ကိုထွန်းရီက လက်ရှိအခြေအနေကို Myanmar Now အား ပြောသည်။

ပုံမှန်အခြေအနေတွင် ဖရဲနှင့် သခွားသစ်သီးကားများသည် ကုန်သွယ်ရေးနယ်မြေတွင် အနည်းဆုံး နှစ်ညအိပ်ကာ ရောင်းချကြပြီး ယခုကဲ့သို့သော အခြေအနေတွင် သစ်သီးများ မရောင်းရဘဲ ပျက်စီးသွားပါက ကုန်ကားတစ်စီးလျှင် ကျပ် သိန်း ၈၀ နှင့် ၁၀၀ အထိ ဆုံးရှုံးမှု ရှိနိုင်ကြောင်း ကိုထွန်းရီက ပြောသည်။ "အခုက လုံးဝရပ်ထားရတာ တစ်လုံးမှကို မရောင်းရမဝယ်ရဘူး။ လာတဲ့လူတိုင်း ရောင်းမရဘူး၊ ကားတွေလည်း ဒီအတိုင်း ရပ်ထားရတော့ ထိခိုက်မှုကတော့ ၁၀၀ ရာခိုင်နှုန်းပေ့ါ" ဟု မူဆယ်ကုန်သည်များအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးစိုင်းမင်းလူနိုင်က ပြောသည်။

မြန်မာ သစ်သီးဝလံကုန်သည်များ ကုန်စည်ရောင်းချရန် ခက်ခဲနေသည့်အတွက် တောင်သူများအနေဖြင့်လည်း ကိုရိုနာဗိုင်းရပ် ကူးစက်မှုအခြေအနေကို စောင့်ကြည့်ပြီးမှသာ သစ်သီးဆွတ်ခူးတင်ပို့ရန် ကုန်စည်ဒိုင်အသီးသီးက ဇန်နဝါရီလ ၂၇ ရက်တွင် ကြေညာချက် ထုတ်ပြန်ခဲ့သည်။

တရုတ်နိုင်ငံအလယ်ပိုင်း၊ ဟူပေပြည်နယ်ရှိ ဝူဟန်မြို့မှ အစပြုခဲ့သည့် ကိုရိုနာဗိုင်းရပ်စ် အဆုတ်ရောင်ရောဂါကူးစက်ခံရသည့် လူနာပေါင်း ကမ္ဘာတစ်ဝှမ်းတွင် ၂,၈၀၀ ကျော်ရှိပြီး တရုတ်တစ်နိုင်ငံတည်းက အများစုဖြစ်ကာ လက်ရှိအထိ သေဆုံးသူ ၈၁ ဦး

ရှိနေပြီ ဖြစ်သည်။ ထိုင်းနိုင်ငံတွင် ကူးစက်ခံလူနာ ၈ ဦး ရှိပြီး တရုတ်နိုင်ငံပြင်ပတွင် ကူးစက်မှု အများဆုံးနိုင်ငံ ဖြစ်နေသည်။

မြန်မာနိုင်ငံတွင်မူကိုရိုနာဗိုင်းရပ် သံသယလူနာ မရှိသေးကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဇန်နဝါရီလ ၂၄ ရက်တွင် ထုတ်ပြန်ကြေညာထားသည်။ သို့သော်လည်း ရောဂါစတင်ဖြစ်ပွားရာ ဝူဟန်မြို့တွင် ပိတ်မိနေသည့် မြန်မာကျောင်းသူကျောင်းသား ၆၀ ဦးရှိပြီး ၎င်းတို့ကို မြန်မာနိုင်ငံသို့ အမြန်ဆုံး ပြန်လည်ခေါ်ဆောင်ရန် ဆောင်ရွက်နေကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သိရှိရသည်။

Source: kumudranews ,https://www.kumudranews.com/news-36919

## မကွေးတိုင်းအတွင်းရှိ နိုင်ငံပိုင်ရေနံမြေငါးခုမှ သဘာဝဓာတ်ငွေ့ကုဗပေ ၃၇၃၉ ဒသမ ၆၂၀ သန်း ထွက်ရှိဟုဆို

မကွေးတိုင်းဒေသကြီးအတွင်းရှိ နိုင်ငံပိုင်ရေနံမြေငါးခုမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း သဘာဝဓာတ်ငွေ့ ကုဗပေ သန်းပေါင်း ၃၇၃၉ ဒသမ ၆၂၀ ထွက်ရှိခဲ့ကြောင်း မကွေးတိုင်း ဒေသကြီးအစိုးရအဖွဲ့ စီမံကိန်း၊ ဘဏ္ဍာ ရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဇော်မင်းထံမှ သိရသည်။

"မကွေးတိုင်းဒေသကြီးအတွင်း သဘာဝဓာတ်ငွေ့ကို နိုင်ငံပိုင်ရေနံမြေ ဒေသတွေဖြစ်တဲ့ ကျောက်ခွက်-လက်ပံတို-အရာတော်ရေနံမြေ၊ စပယ်-သာ ကြီးတောင်ရေနံမြေ၊ ချောက်ရေနံမြေ၊ မန်းရေနံမြေ၊ ထောက်ရှာပင်-ကမ်းနီ ရေနံမြေ စတဲ့ရေနံမြေဒေသတွေက ထွက်ရှိပါတယ်။ အဆိုပါ နိုင်ငံပိုင် ရေနံမြေဒေသငါးခုမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တစ်နှစ်လုံး သဘာဝဓာတ် ငွေ့ကုဗပေသန်းပေါင်း ၃၇၃၉ ဒသမ ၆၂၀ထွက်ရှိခဲ့ပါတယ်" ဝန်ကြီးဦးဇော် မင်းက အသိပေးပြောကြားသည်။

"ကျောက်ခွက်-လက်ပံတို ရေနံ မြေကထွက်ရှိတဲ့ သဘာဝဓာတ်ငွေ့ကို ဧရာဝတီမြစ်ကိုဖြတ်ပြီး ချောက်မြို့ကို ပို့တယ်။ ချောက်ရေနံမြေကတစ်ဆင့် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့အထိ ဆွဲထားတဲ့ပိုက်လိုင်းရှိတယ်။ အဲဒီပိုက်လိုင်းကနေ CNG (ဂက်စ်) အသုံးပြုတဲ့မော်တော်ယာဉ်တွေ၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံတွေ၊ ဘိလပ်မြေစက်ရုံတွေအတွက် သဘာဝဓာတ်ငွေ့ ပို့ပေးပါတယ်။ မင်းဘူးမြို့ မန်းရေနံ မြေကထွက်ရှိတဲ့ သဘာဝဓာတ်ငွေ့ကို မင်းဘူးမြို့ရှိ သဘာဝဓာတ်ငွေ့ရည် စက်ရုံနဲ့ ပွင့်ဖြူမြို့ရှိချည်မျှင်နှင့်အထည် စက်ရုံကို ပို့ပေးတယ်"ဟု ဝန်ကြီးက ပြောပြသည်။

ထို့ပြင် အရာတော်ရေနံမြေက ထွက်ရှိသော သဘာဝဓာတ်ငွေ့ကို မင်းလှမြို့နယ်ရှိ သံပုရာကန် ရေနံချက်စက်ရုံကို ပို့ပေးကြောင်း၊ ကမ်းလွန် ရေနံမြေဒေသကထွက်သည့် သဘာဝ ဓာတ်ငွေ့နှင့် ပြည်တောင်တန်း ရေနံမြေဒေသက ထွက်ရှိသည့် သဘာဝဓာတ်ငွေ့ကို ရှမ်းပြည်နယ်အတွင်းရှိ သံမဏိစက်ရုံကို ပိုက်လိုင်းဖြင့် သွယ်တန်းပို့လွှတ်ပေးကြောင်း ဝန်ကြီး ဦးဇော်မင်းက ထပ်မံပြောကြားသည်။

မကွေးတိုင်းဒေသကြီးအတွင်းရှိ ရေနံမြေဒေသငါးခုမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း သဘာဝဓာတ်ငွေ့ ကုဗပေသန်းပေါင်း ၄၅၅၄ ဒသမ ၄၈၈ သန်းထွက်ရှိခဲ့ပြီး မကွေးတိုင်းအတွင်း နိုင်ငံပိုင်ရေနံမြေဒေသခုနစ်ခုရှိကြောင်း မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ သိရသည်။

Source: The Myanmar Times ,https://myanmar.mmtimes.com/news/134545.html

## အီးယူနှင့် WTO အဖွဲ့ဝင် (၁၆) နိုင်ငံတို့အကြား ကြားဖြတ် အယူခံစီရင်ဆုံးဖြတ်မှုအစီအမံအတွက်ပူးပေါင်းဆောင်ရွက်ရန်သဘောတူညီမှုရရှိခဲ့

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံများအတွက် အငြင်းပွားမှုဖြေရှင်းရေးစနစ်၏ လုပ်ငန်းရပ်များကို ဆက်လက်လုပ်ဆောင်နိုင်စေရန် နိုင်ငံအများပါဝင်သည့် ကြားဖြတ် အယူခံအဖွဲ့ စီရင်ဆုံးဖြတ်မှုဆိုင်ရာ အစီအမံကို ဆောင်ရွက်ရန် ၂၄.၁.၂၀၂၀ ရက်နေ့က ဆွစ်ဇာလန်နိုင်ငံ၊ ဒါဗို့စ်မြို့တွင် အီးယူနှင့်ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင် (၁၆)နိုင်ငံတို့အကြား သဘောတူညီမှုရရှိခဲ့ကြောင်း၊ အဆိုပါအစီအစဉ်ကို ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလလယ်တွင် အီးယူမှ ဦးဆောင်စီစဉ်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၇ ခုနှစ် ကတည်းက အယူခံအဖွဲ့ဝင်သစ်ခန့်အပ်ရေး ပိတ်ဆို့ထားမှုကြောင့် WTO အယူခံအဖွဲ့၏ လုပ်ငန်းများ တုံ့ဆိုင်းနေရခြင်းကို ဖြေရှင်းနိုင်ရန် WTO အဖွဲ့ဝင်နိုင်ငံများက လိုက်ပါဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရပါသည်။

ယခုထုတ်ပြန်ချက်သည် အီးယူနှင့် ပါဝင်ဆောင်ရွက်သည့် WTO အဖွဲ့ဝင်နိုင်ငံများအနေဖြင့် နိုင်ငံတကာ ကုန်သွယ်မှု ကိစ္စရပ်များတွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အဆင့်နှစ်ဆင့်ဖြင့် အငြင်းပွားမှု ဖြေရှင်းသည့်စနစ်အား ဆက်လက် ထိန်းသိမ်းထားလိုသည့် သဘောထား၏ အရေးပါမှုကို သက်သေပြသခြင်းဖြစ်ပါကြောင်း၊ နိုင်ငံအများပါဝင်သည့် အယူခံအဖွဲ့

စီရင်ဆုံးဖြတ်မှုဆိုင်ရာ အစီအမံသည် စည်းနှောင်မှုရှိပြီး၊ ဘက်မလိုက်သည့် အရည်အသွေး မြင့်မားသော အငြင်းပွားမှုဖြေရှင်းရေး စနစ်ကို ပါဝင်ဆောင်ရွက်သည့် နိုင်ငံများအကြား ဆက်လက်ရရှိစေရေး အာမခံချက်ပေးနိုင်မည် ဖြစ်ကြောင်း၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အယူခံအဖွဲ့လုပ်ငန်းများ တုံ့ဆိုင်းနေမှုကြောင့် ယခုဆောင်ရွက်မှုသည် လိုအပ်သည့် အရေးပေါ် အစီအမံတစ်ရပ် ဖြစ်ပါကြောင်း၊ လိုအပ်သည့် ပြုပြင်ပြောင်းလဲမှုများနှင့် ဖြစ်ပေါ်တိုးတက်မှုများ အပါအဝင် အယူခံအဖွဲ့ အကျပ်အတည်းအပေါ် ရေရှည်ဖြေရှင်းချက်တစ်ရပ် ရရှိရေး ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အီးယူ၏ ကုန်သွယ်ရေး ကော်မရှင်နာဖြစ်သူ Phil Hogan က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။ အဆိုပါ နိုင်ငံအများပါဝင်သည့် ကြားဖြတ် အစီအစဉ်သည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ အငြင်းပွားမှု ဖြေရှင်းရေးသဘောတူညီချက် (WTO Settlement Understanding–DSU) ၏ ပုဒ်မ ၂၅ အပေါ် အခြေခံ၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ၎င်းအစီအစဉ်သည် ပါဝင်ဆောင်ရွက်သည့် ဩစတြေးလျ၊ ဘရာဇီးလ်၊ ကနေဒါ၊ တရုတ်၊ ချီလီ၊ ကိုလံဘီယာ၊ ကော်စတာရီကာ၊ ဥရောပသမဂ္ဂ၊ ဂွါတီမာလာ၊ ကိုရီးယားသမ္မတနိုင်ငံ၊ မက္ကဆီကို၊ နယူးဇီလန်၊ နော်ဝေ၊ ပနားမား၊ စင်ကာပူ၊ ဆွစ်ဇာလန်နှင့် ဥရုဂွေး စသည့်နိုင်ငံများအကြား ကုန်သွယ်ရေး အငြင်းပွားမှုများ ဖြစ်ပေါ်လာပါက ထိရောက်၍ စည်းနှောင်မှုရှိသော အငြင်းပွားမှုဖြေရှင်းရေး လုပ်ငန်းစဉ်ကို သေချာစေလိမ့်မည်ဖြစ်ကြောင်း၊ ယင်းအစီအမံသည် ကြားဖြတ်စီမံဆောင်ရွက်မှု တစ်ရပ်ဖြစ်ပြီး၊ WTO ၏ အယူခံအဖွဲ့ ပြန်လည်၍ လုပ်ငန်းလည်ပတ် ဆောင်ရွက်နိုင်သည့် အချိန်အထိသာ အသုံးပြုနိုင်မည် ဖြစ်ပါသည်။ လွတ်လပ်မှုရှိပြီး၊ ဘက်မလိုက်သည့် အယူခံအဆင့် လုပ်ငန်းဆောင်ရွက်မှုသည် အရည်အသွေး အမြင့်မားဆုံး စည်းမျဉ်းစည်းကမ်းများ၏ အာမခံမှုကို ပေးစွမ်းထားခြင်းဖြစ်ကြောင်းနှင့် ယင်းကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ အငြင်းပွားမှုဖြေရှင်းရေးစနစ်၏ အရေးပါသော သွင်ပြင်လက္ခဏာရပ်များအနက် တစ်ခုဖြစ်စေရေး ဆက်လက် ဆောင်ရွက်သွားရမည်ဟု အီးယူအနေဖြင့် ယုံကြည်ထားကြောင်းလည်း သိရှိရပါသည်။

**Source: စီးပွားရေးသံမှူး-ဘရပ်ဆဲလ်**

## STOCK EXCHANGE (29.1.2020)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 29th Jan. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,000 | +0 | +0.00% | 11,000 | 11,000 | 11,000 | 1,532 | 16,852,000 | 27,112,747 | 298,240 |
| MTSH | 00002 | 3,900 | +0 | +0.00% | 3,950 | 3,950 | 3,900 | 4,390 | 17,333,450 | 38,929,150 | 151,824 |
| MCB | 00003 | 8,100 | +0 | +0.00% | 8,100 | 8,100 | 8,100 | 0 | 0 | 10,400,986 | 84,248 |
| FPB | 00004 | 23,000 | +0 | +0.00% | 23,500 | 23,500 | 23,000 | 747 | 17,531,000 | 2,472,053 | 56,857 |
| TMH | 00005 | 2,850 | +0 | +0.00% | 2,850 | 2,850 | 2,850 | 619 | 1,764,150 | 12,823,224 | 36,546 |

### Market summary

As of 29th Jan. 2020

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 458.41 | +0.00 | +0.00% | 460.74 | 460.74 | 458.41 | 7,288 | 53,480,600 | 5 | 627,715 |

**Index chart**



## Market Overview

As of 12:00 pm, 29th Jan. 2020

| MYANPIX | 460.74 ▲ 2.33 |
|---|---|
| Total Volume (shares) | 7,090 |
| Total Value (MMK) | 52 mil |
| Listed Company | 5 |
| Market Cap. (MMK) | 630,897 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,000 | ▲ 0 |
| MTSH | 00002 | 3,950 | ▲ 50 |
| MCB | 00003 | 8,100 | ▲ 0 |
| FPB | 00004 | 23,500 | ▲ 500 |
| TMH | 00005 | 2,850 | ▲ 0 |

TIR